## ပထမအကြိမ်ထုတ် စာအုပ်အမှာစာ

'ဟာဗာနား'မြို့ရှိ 'ချေ'ရဲ့ ပုဂ္ဂိုလ်ရေးမော်ကွန်းတိုက်က ယခုအခါ ကျူးဘားနိုင်ငံ၊ ဟာဗာနာမြို့ရဲ့ ချေဂွေဗာရာလေ့လာရေး ဗဟိုဌာနဖြစ်ပါတယ်။ ရေးကူးထားတဲ့ 'အားနက်စ်တိုဂွေဗာရား'ရဲ့ ခရီးသွားဒိုင်ယာရီက လက်တင်အမေရိကတိုက်ကို ဖြတ်ကျော်ကာ စူးစမ်းရှာဖွေရေးနဲ့ ပတ်သက်တဲ့ ကြီးမားတဲ့ စွန့်စားခန်းတွေကို အသေးစိတ် ပြန်ပြောပြပါတယ်။ သူတို့ရဲ့ ရှည်ကြာစွာ စောင့်စားမျှော်လင့်ခဲ့ရတဲ့ ခရီးကို သူနဲ့ သူ့ရဲ့ မိတ်ဆွေ **'အယ်လဘာတိုဂရင်နာဒို'**နဲ့အတူ ခရီးစတင်ထွက်တဲ့ အချိန်၊ ၁၉၅၁ ခုနှစ်၊ ဒီဇင်ဘာလမှာ အဲဒီနေ့စဉ်မှတ်တမ်းရေးတာကို 'အားနက်စ်တို'က စတင်ထားပါတယ်။ ခရီးစဉ်က 'ဘွေနိုအေးရိုးစ်' ကနေ 'အာဂျင်တီးနား'ရဲ့ အတ္တလန်တိတ်ကမ်းခြေဆီ ဆင်းချသွား။ 'ပင်းပတ်စ်'လွင်ပြင်ဖြတ်၊ 'အင်ဒီးစ်'တောင်တန်းကို ဖြတ်ကျော်၊ ပြီးတော့ 'ချီလီ'နိုင်ငံထဲဝင်၊ ပြီးတော့ 'ချီလီ'ကနေ မြောက်ဘက် 'ပီရူး' နိုင်ငံနဲ့ 'ကိုလံဘီယာ' နိုင်ငံ၊ ပြီးတော့မှ နောက်ဆုံးမှာ 'ကရာကတ်စ်'သို့ သွားပါတယ်။

ဒီအတွေ့အကြုံတွေကို နောက်ပိုင်းမှာ အားနက်စ်တိုကိုယ်တိုင်က ဇာတ်ကြောင်းပြန်ပုံစံနဲ့ ရေးသားထားပါတယ်။ 'ချေ'ရဲ့ဘဝနဲ့ပတ်သက်ပြီး ပိုမိုနက်နဲတဲ့ ထိုးထွင်းအမြင်ကို စာဖတ်သူကို ကမ်းလှမ်းရင်း ရေးသားထားတာပါ။ အထူးသဖြင့် အနည်းငယ်သာ သိထားတဲ့အဆင့်မှာ သူ့ရဲ့ ယဉ်ကျေးမှုနောက်ခံ၊ ဇာတ်ကြောင်းပြန် ကျွမ်းကျင်မှုနဲ့ ပုဂ္ဂိုလ်ရေးအသေးစိတ်တွေကို လှစ်ဟပြရင်း သူ့ရဲ့ နောက်ပိုင်းလက်ရာတွေထဲမှာ ဖွံ့ဖြိုးတိုးတက်လာတဲ့ ရေးဟန်ရဲ့ မူလအစကို ကမ်းလှမ်းရင်း ရေးသားထားတာပါ။ ထူးခြားတဲ့ အပြောင်းအလဲတွေကို စာဖတ်သူက မျက်မြင်ကိုယ်တွေ့လည်း တွေ့နိုင်ပါတယ်။ ဒီအပြောင်းအလဲတွေက လက်တင်အမေရိကကို သူစူးစမ်းရှာဖွေစဉ်မှာ သူ့အထဲမှာ နေရာယူလာတဲ့ အပြောင်းအလဲတွေပါ။ စာဖတ်သူဟာ 'လက်တင်အမေရိက' ရဲ့ အလွန်ခက်ခဲမှုကို နားလည်စေနိုင်ပါတယ်။ 'လက်တင်အမေရိက' ကိုယ်ပိုင်လက္ခဏာနဲ့ ပတ်သက်ပြီး ကြီးထွားလာနေတဲ့အမြင်ကို ဖွံ့ဖြိုးတိုးတက်နိုင်ပါတယ်။ အမေရိကန်သမိုင်းသစ်ရဲ့ ရွေ့ပြောင်းနိမိတ်ကို သူ့ကို အဆုံးစွန် ကမ်းလှမ်းရင်း စာဖတ်သူဟာ ဖွံ့ဖြိုးတိုးတက်နိုင်ပါတယ်။


အလီဒါမာချ်

ချေဂွေဗာရာမော်ကွန်းတိုက်

ဟာဗာနား၊ ကျူးဘား